# အန္တရာယ်ဖုံ

## ရောမ တရုတ်စက်မှုဖုံကြီးက ရခိုင်ကမ်းရိုးတန်းဒေသကို ခြိမ်းခြောက်နေလေပြီ

ရွှေဓါတ်ငွေ့ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်းများစတင်သည့် ရခိုင်ကမ်းရိုးတန်းဒေသတွင် တရုတ်နိုင်ငံက ရောမစက်မှုဖုံကြီးတစ်ခုကို တည်ဆောက်ရန် စီစဉ်နေခြင်းသည် ရခိုင်ပြည်သူထောင်ပါင်းများစွာ၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေလိမ့်မည်။ တဖန် ဤစီမံကိန်းကြောင့်ပင်လျှင် မြန်မာနိုင်ငံ၏ ဒုတိယအကြီးမားဆုံး လမုတောကြီးမှာလည်း လုံးဝပျက်သုန်းသွားနိုင်မည်ဖြစ်ပါသည်။

စတုရန်းကီလိုမီတာ(၁၂၀)ကျယ်ဝန်းမည့် အထူးစီးပွားရေးဇုံကို ကျောက်ဖြူမြို့နယ်၌ တရုတ်နိုင်ငံပိုင် CITIC Group ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကတို့မှ ဆိုက်ကပ်လာမည့် ရေနံတင်သင်္ဘောများအတွက် ကမ္ဘာ့(၁၁)ခုမြောက် အကြီးမားဆုံး ရေနက်ဆိပ်ကမ်းတစ်ခုကို တရုတ်နိုင်ငံက မဒေးကျွန်းတွင် တည်ဆောက်လျက်ရှိသည်။

ထို့ပြင် CITIC ကုမ္ပဏီသည် ကီလိုမီတာ ၈၀၀ ရှည်လျားမည့် ကျောက်ဖြူ-တရုတ် အမြန်ရထားလမ်းကို နှစ်(၅၀) BOT သဘောတူညီချက်အရ တည်ဆောက်မည်ဖြစ်သည်။ ဤရထားလမ်းကို ဖေါက်လုပ်ခြင်းဖြင့် အိန္ဒိယသမုဒ္ဒရာမှ မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် တရုတ်တို့၏ ကုန်သွယ်ရေးလမ်းကြောင်းကို ပိုမို၍အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်သည်။ အရှေ့တောင်အာရှတွင် တရုတ်၏ အကြီးမားဆုံးစီမံကိန်းဖြစ်သော ရထားလမ်းနှင့် အထူးစီးပွားရေးဇုံတို့အတွက် ရင်းနှီးမြှုတ်နှံမှုပမာဏမှာ(၃၅)နှစ်အတွင်း အမေရိကန်ဒေါ်လာ (၁၀၉) ဘီလီယံ ရှိမည်ဖြစ်သည်။

ဓါတ်ငွေ့ပိုက်လိုင်းနှင့် ရေနက်ဆိပ်ကမ်းတည်ဆောင်ခြင်းတို့က လယ်ယာမြေအမြောက်အများ သိမ်းပိုက်ခံရမှုတို့ကိုဖြစ်ပေါ်စေခဲ့ပြီဖြစ်သည်။ ယခုချိန်တွင်လည်း အထူးစီးပွားရေးဇုံ တည်ဆောင်ရန်အတွက် အနည်းဆုံး ဒေသခံကျေးရွာပေါင်း(၄၀)ခန့် ပြောင်းရွှေ့ခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ ဒေသခံပြည်သူ အများစုမှာ ရေနံ၊ဓါတုစက်ရုံနှင့် သတ္တုစက်ရုံတို့မှ ထွက်ရှိလာမည့် အဆိပ်သင့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၏ အန္တရယ်ကိုစိုးရိမ်မကင်းဖြစ်နေကြသည်။ သို့သော်လည်း စီမံကိန်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဒေသခံများထံသို့ အသိပေးဖြန့်ဝေခြင်း လုံးဝမရှိပေ။

မြန်မာနိုင်ငံတွင် ဤကဲ့သို့သော စီမံကိန်းများကို အကောင်ထည်ဖေါ် မဆောင်ရွက်မီ ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးနိုင်ရန်အတွက် ခိုင်မာတိကျသော ဥပဒေများကို ပြဌာန်းရန် အရေးတကြီး လိုအပ်နေသည်။

*ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့ မှထုတ်ဝေသည် (ဒီဇင်ဘာ-၂၀၁၂)*

# မြိမ်းခြောက်ခံနေရသော ကျေးလက်နေပြည်သူများ

ကျောက်ဖြူမြို့နယ်သည် မြန်မာပြည်အနောက်ဖက်ဒေသ ရခိုင်ပြည်နယ်မှာတည်ရှိပါသည်။ ကျွန်း၏အကျယ်အဝန်းမှာ စင်ကာပူနိုင်ငံအရွယ်အစားလောက်ရှိပြီး၊ ခန့်မှန်းခြေလူဦးရေမှာ ၂၀၀,၀၀၀ ခန့်ရှိသည်။ ကျောက်ဖြူမြို့နယ်တွင် မြစ်ချောင်းအင်းအိုင်များအလွန်ပေါများပါသည်။ ကျွန်းနေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများဖြစ်သည်။ တချိန်က ဤဒေသသည် အေးချမ်း တည်ငြိမ်သော ကျေးလက်ဒေသတစ်ခု ဖြစ်ခဲ့သော်လည်း ယခုအခါ ရွှေသဘာဝဓါတ်ငွေ့နှင့် ရေနံပိုက်လိုင်း စီမံကိန်းများကြောင့် ဒေသခံ ကျွန်းနေပြည်သူများ၏ လူမှုဘဝမှာ လုံခြုံမှုအပြည့်အဝမရှိတော့ပါ။ စီမံကိန်းများကြောင့် လယ်ယာမြေသိမ်းပိုက်ခံရမှု၊ ငါးဖမ်းလုပ်ငန်းများ ပျက်သုန်းလာမှုတို့ကြောင်း ဒေသခံပြည်သူများမှာ တခြားနေရာများသို့ရွှေ့ပြောင်းသွားရသည်ထိပင် ဖြစ်လာရပါသည်။



















# ကျောက်ဖြူအထူးစီးပွားရေးဇုံစီမံကိန်း

၂၀၀၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတို့တွင် တရုတ်နှင့် မြန်မာတို့သည် ကျောက်ဖြူ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးဇုံ တည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာများကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အမျိုးသားစီမံကိန်းနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန နှင့် သဘောတူထားသောအဆိုပါ နားလည်မှုစာချွန်လွှာများအရ CITIC Group ကုမ္ပဏီက ရေနက်ဆိပ်ကမ်းတစ်ခု၊ ရထားလမ်း၊ လေယာဉ်ကွင်းနှင့် စက်မှုဇုံ များပါဝင်မည့် အထူးစီးပွားရေးဇုံတစ်ခုကို တည်ဆောက်မည်ဖြစ်သည်။ CITIC Group ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော CITIC ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်(CITIC Construction Company Limited)ကလည်း စစ်တပ်နှင့်ဆက်စပ်နေသည့် မြန်မာ့ထူးကုမ္ပဏီ နှင့် စီမံကိန်းတွင်ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရန်အတွက် တခြားစာချုပ်များကိုလည်း သဘောတူ လက်မှတ်ထားပြီးဖြစ်သည်။

CITIC ဆောက်လုပ်ရေး ကုမ္ပဏီ၏ ကြိုတင်လေ့လာချက်အရ အထူးစက်မှုဇုံ၌ ကနဦးရင်းနှီးမြှုပ်နှံမှုအတွက် အမေရိကန်ဒေါ်လာ (၈.၃) ဘီလီယံလိုအပ်မည်ဖြစ်ပြီး၊ နှစ်ပေါင်း (၃၅) နှစ်အတွင်းတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၈၉.၂) ဘီလီယံရှိမည်ဖြစ်သည်။ စက်မှုဇုံအတွက် မြေနေရာ(၁၂၀) တုရန်းကီလိုမီတာ(ဧက ၃၀၀၀၀) နှင့် ကမ်းရိုးတန်းရေလမ်းအတွက် ရေမျက်နှာပြင် စတုရန်း ကီလိုမီတာ (၇၀) ကိုအသုံးပြုသွားမည်ဖြစ်သည်။

## မြို့ပြနေရာ

- မီဂါဝပ်(၂၀၀၀)ထုပ်လုပ်မည့်ဓါတ်အားပေးစက်ရုံ (လောင်စာရင်းမြစ်ကိုဖော်ပြထားခြင်းမရှိ)။
- စက်မှုဇုံ ရေဆိုးရေညစ်နှင့် အညစ်အကြေးစွန့်စက်ရုံ။
- လူနေဧရိယာများ၊စီးပွားရေးအချက်အချာနေရာများ၊ဆေးရုံများ၊ကျောင်းများနှင့်ခရီးသွားလာရေးနေရာများ။

## ထောက်ပို့ရေးလုပ်ငန်း (၂၄ စတုရန်းကိုလိမီတာ)

- လေယဉ်ကွင်းတိုးချဲ့မှု။
- တန်ချိန်(၃၀၀,၀၀၀) ရှိသော ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန်အတွက် တန်ချိန်သန်း (၂၅၀)ခံနိုင် ရည်ရှိသောကုန်တင်၊ကုန်ချ ဆိပ်ကမ်း။
- ပင်လယ်ဆိပ်ကမ်း။
- ရထားလမ်း နှင့် ကုန်တန်ချိန် (၁၀) သန်းသိုလှောင်နိုင်မည့် ကုန်လှောင်ဧရိယာ။




## စက်မှုဇုံဧရိယာ(ကီလိုမီတာ ၄၀)

ရေနံချက်စက်ရုံ နှင့် ရေနံဓါတုစက်ရုံ

- တစ်နှစ်လျှင် ရေနံ တန်ချိန် (၁၀) သန်း သန့်စင်ထုပ်လုပ်မည်။
- တစ်နှစ်လျှင် အီသလင်း တန်ချိန် (၈၀၀၀၀၀) ထုတ်လုပ်မည်။
- တခြားသော ရေနံဓါတုတုတ်ကုန်ပစ္စည်းများ( တစ်နှစ်လျှင် တန်ချိန် (၁.၅)သန်း ထုတ်လုပ်မည်။)
- ဓါတ်မြေသြဇာ၊သဘာဝဓါတ်ငွေ့ရည် နှင့် တခြားကုန်ပစ္စည်းများ (တစ်နှစ်လျှင်တန်ချိန် (၃)သန်းကို ထုတ်လုပ်မည်။)

## သတ္တုစက်မှုလုပ်ငန်းများ (၁၄ စတုရန်းကီလိမီတာ)

- တစ်နှစ်လျှင် သံ နှင့် သမဏိ တန်ချိန်(၅)သန်းထုတ်လုပ်မည်။
- တစ်နှစ်လျှင် သန့်စင်ပြီးသတ္တု တန်ချိန် (၃၀၀၀၀၀)ထုတ်လုပ်မည်။

## ရေကြောင်းဝန်ဆောင်မှုစက်မှုလုပ်ငန်းများ (၃ စတုရန်းကီလိုမီတာ)

- ဒေသတွင်းသင်္ဘောလိုင်းများကို ဝန်ဆောင်မှုပေးရန် နှင့် သင်္ဘောဟောင်းများမှပစ္စည်းများကို ရောင်း ချရန်အတွက် သင်္ဘောကျင်း နှစ်ခုကိုတည်ဆောက်မည်။

## ကုန်ပစ္စည်းထုပ်လုပ်မှုစက်မှု လုပ်ငန်းများ(၁၀ စတုရန်းကီလိုမီတာ)

- စိုက်ပျိုးရေး နှင့် ရေထွက်ပစ္စည်းများ၊ကျောက်မျက်ရတနာ နှင့် သစ်များ။
- အထည်အလိပ်၊သတ္တုပလက်စတိပ်၊မော်တော်ကားအစိတ်အပိုင်း နှင့် လျှပ်စစ်ပစ္စည်းများ။

## ဂျပန်ကုမ္ပဏီပါဝင်ပတ်သက်မှု

၂၀၁၂ နှောင်းပိုင်းတွင် မြန်မာ့အလုပ်သမားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးမြင့်သိန်းက အထူးစီးပွားရေးဇုံစီမံကိန်းတွင် ဂျပန်အင်ဂျင်နီယာကုမ္ပဏီ Nippon Koei Co., Ltd. ပါဝင်ပတ်သက်နေမှုကို ရန်ကုန်မြို့အစည်းအဝေးတစ်ခု၌ ဆွေးနွေးတင်ပြသွားခဲ့သည်။ဂျပန်ကုမ္ပဏီသည် စိုက်ပျိုးရေးနှင့် လူနေဧရိယာများအတွက် အဓိကလုပ်ဆောင်မည်ဖြစ်သည်။ သို့သော်လည်း Nippon Koei(အောက်မြေပုံ)ပါဝင်ပတ်သက်နေမှုသည် CITIC Group ချမှတ်ထားသည့်စီမံကိန်း အစီအစဉ်(စာမျက်နှာ ၃ ကိုရှုပါ) နှင့် ဆက်စပ်မှုရှိသလား သို့တည်းမဟုတ် ဆက်စပ်မှုရှိပါက မည်သို့မည်ပုံ ဆက်စပ်နေသလဲ၊ တဖန် ဂျပန်ကုမ္ပဏီစီမံကိန်းလေ့လာမှုအတွက် မည်သူက ငွေကြေးထောက်ပံ့ခဲ့သလဲ စသည့်သတင်းအချက်အလက်များကို စီမံကိန်းဒေသမှ ပြည်သူလူထု၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးပါတီများအား အသိပေးထုတ်ပြန်ပေးရမည်ဖြစ်သည်။




## ကျောက်ဖြူ-တရုတ် ရထားလမ်းနှင့်ကားလမ်း

စီမံကိန်းတွင် ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံတောင်ပိုင်း၊ ယူနန်ပြည်နယ် ရှုလီသို့ ဆက်သွယ်မည့် ကီလိုမီတာ(၈၀၀)ရှည်လျားမည့် ရထားလမ်းတစ်ခုပါဝင်သည်။ ရထားလမ်းအတွက်မြန်မာ့ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ Railways Engineering Corporation တို့က နှစ်ဦးသဘောတူ နားလည်မှုစာချွန်လွှာကို ၂၀၁၁-ခုနှစ်၊ ဧပြီလတွင် လက်မှတ်ရေးထိုးခဲ့ကြ သည်။ ရထားလမ်းသည် အမ်း၊ မင်းဘူး၊ မကွေး၊ မန္တလေး၊ လားရှိုး နှင့် မူဆယ် မြို့များသို့ ဖြတ်သန်းသွားမည်ဖြစ်သည်။ အမေရိကန် ဒေါ်လာ ဘီလီယံ (၂၀) ကုန်ကျမည့် ဤရထားလမ်းကို ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ဖေါက်လုပ် ပြီးစီးရန်စီစဉ် ထားလေသည်။

နားလည်မှုစာချွန်လွှာအရ တရုတ်နိုင်ငံသည် ရထားလမ်းကို ငွေကြေးမတည် ဆောက်လုပ်ပြီး ရာစုနှစ်တဝက် (နှစ်ပေါင်း၅၀)ကြာအောင်ထိ အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းနောက်ပိုင်းမှ ထိုရထားလမ်းအား မြန်မာအစိုးရထံသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။ အဆိုပါကာလ၌ ရထားလမ်းနှင့် ပတ်သက်၍ အလုပ်အကိုင်နေရာ ချထားရေးကိစ္စ နှင့်ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စအဝဝ တို့ကို တရုတ်ကုမ္ပဏီများလက်ထဲ၌သာ ထိန်းချုပ်ထား မည်ဖြစ်သည်။




အမြန်ရထားများမှာ တစ်နာရီ(၁၇၀)ကီလိုမီတာမြန်နှုန်းဖြင့်ခုတ်မောင်းပြီး၊ ကုန်တန်ချိန်(၄၀၀၀) သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ တဖန် ၂၀၁၀ခုနှစ်တွင် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ ကျောက်ဖြူနှင့်ရှုလီ အကြား အဝေးပြေး ကားလမ်းမကြီးတစ်ခုကိုလည်း ဖေါက်လုပ်ရန်အစီအစဉ်များ ရှိနေပြီဖြစ်သည်။ သို့ရာတွင် ကားလမ်းဖေါက်လုပ်မည့် လမ်းကြောင်းအတိအကျကို မသိရှိရသေးပါ။

## တရုတ်က အဘယ့်ကြောင့် ကျောက်ဖြူအထူးစီးပွါးရေးဇုံကို ထည်ဆောက်ချင်တာလဲ

၂၀၀၆ ခုနှစ်တွင် တရုတ်သမ္မတ ဟူဂျင်တောင်း၏ “ကမ္ဘာလုံးဖြန့်ကြက်” ကြွေးကြော်သံဖြင့် တရုတ်ပိုင်အထူးစီးပွားရေးဇုံများ ကမ္ဘာ့နိုင်ငံအနှံ့တိုးပွား လာစေရန် မဟာဗျူဟာတစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ မဟာဗျူဟာ ၏ အဓိကရည်ရွယ်ချက်များမှာ တရုတ်၏ ကုန်စည်နှင့် ဝန်ဆောင်မှု များအတွက် ဈေးကွက်ရှာဖွေရန်၊ တရုတ်ကုန်ပစ္စည်း တံဆိပ်များ ဈေးကွက်ဝင်ရန်နှင့် တရုတ်၏ နိုင်ငံခြားရင်းနှီးမြှုတ်နှံမှု တိုးတက် လာစေရန်တို့ဖြစ်ပါသည်။ ၂၀၁၀-ခုနှစ်တွင် တရုတ်နှင့်အာဆီယံနိုင်ငံများ ကြား လွတ်လွပ်စွာကုန်သွယ်ခွင့်သဘောတူစာချုပ် (Free Trade Agreement) ကိုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၎င်းစာချုပ်က တရုတ်နှင့် အာဆီယံနိုင်ငံများကြားတွင် စီးပွားကုန်သွယ်မှုမက်လုံးများကို ဖန်တီးပေး ခဲ့သည်။ ကျောက်ဖြူစီမံကိန်းသည် အရှေ့တောင်အာရှတွင် တရုတ်၏ ပထမဆုံးသော အထူးစီးပွားရေးဇုံ စီမံကိန်းတစ်ခုဖြစ်လိမ့်မည်။ စီမံကိန်း ကြိုတင်လေ့လာမှု အရဆိုရလျှင် ပို့ကုန်အတွက် ဦးစားပေးထုပ်လုပ်မည့် စက်မှုဇုံထုတ်ကုန်ပစ္စည်းများအတွက် အာဆီယံဈေးကွက်ကိုအဓိက ရည်ရွယ်ထားလေသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုံကို တရုတ်နိုင်ငံသို့ ရထားလမ်း၊ ဓာတ်ငွေ့(စ်)ပိုက်လိုင်းနှင့် ရေနံပိုက်လိုင်း တို့ဖြင့် ဆက်သွယ်မည်ဖြစ်ပြီး တရုတ်တို့အတွက် အိန္ဒိယသမုဒ္ဒရာသို့ မဟာဗျူဟာမြောက် ဝင်ပေါက်တခုကိုလည်းရရှိသွား လိမ့်မည်။ မြန်မာပြည်ကိုဖြတ်လျက် သဘာဝသယံဇာတနှင့် ကုန်ပစ္စည်းများကို လွယ်ကူချောမွေ့စွာတင်ပို့နိုင်ခြင်းကလည်း တရုတ်တို့အတွက် မာလကာရေလက်ကြားကိုဖြတ်သန်းနေရသော ကီလိုမီတာ(၁၂၀၀)ရှည်လျားသောခရီး(သို့မဟုတ်) သဘော်ဖြင့် တစ်ပတ်ခန့် ခုတ်မောင်းရသောခရီးကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ အထူးစီးပွားရေးဇုံက ရေနံ၊ ဓါတု၊ သံကဲ့သို့ သော သဘာဝသယံဇာတများကိုလည်း သန့်စင်ထုပ်လုပ်မည်ဖြစ်သည်။ ၎င်းမှတဆင့် ပလစ်စတိတ်များ၊မော်တော်ကားအစိတ် အပိုင်းများနှင့် အီလက်ထရွန်းနစ် ပစ္စည်းများကိုပါ ထပ်ဆင့်ထုတ်လုပ်မည်ဖြစ်သည်။

### CITIC Group ကုမ္ပဏီ

CITIC Group သည် တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော နိုင်ငံစုံကုမ္ပဏီကြီးများအနက် တစ်ခုဖြစ်ပြီး ၁၉၇၉ ခုနှစ်တွင် တည်ထောင်ခဲ့သော ကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၀၉-ခုနှစ် ဘဏ္ဍာရေးနှစ်တွင် CITIC Group၏ ဘဏ္ဍာဝင်ငွေမှာ အမေရိကန်ဒေါ်လာ (၂၂) ဘီလီယံရှိခဲ့ပြီး၊ ကမ္ဘာ့(၄၁၅)ခုမြောက် အကြီးမားဆုံးစီးပွားရေး ကော်ပိုရေးရှင်းတစ်ခုအဖြစ် ကမ္ဘာကျော် Fortune မဂ္ဂဇင်း၏ (Fortune ၅၀၀) စာရင်းတွင်သတ်မှတ်ထားသည်။ CITICက အဓိကလုပ်ဆောင်သောလုပ်ငန်းများမှာ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းရင်းနှီးမြှုတ်နှံမှု၊ စီမံကိန်များ ဆောင်ရွက်မှု၊ စွမ်းအင်နှင့်သဘာဝသယံဇာတလုပ်ငန်းများ၊ အခြေခံအဆောက်အဦးများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ နှင့် စက်ပစ္စည်းထုပ်လုပ်မှု တို့ဖြစ်ကြသည်။ CITIC ဆောက်လုပ်ရေးကုမ္ပဏီသည် CITIC Group က အပြည့်အဝ ပိုင်ဆိုင်ထားသော ကုမ္ပဏီခွဲ ၄၄ ခုအနက် တစ်ခုဖြစ်ပြီး အာဖရိက၊ တောင်အမေရိက၊ အရှေ့အလယ်ပိုင်းနှင့် အာရှအလယ်ပိုင်း ဒေသတို့တွင် လုပ်ကိုင်လျှက်ရှိသည်။

### Nippon Koei ကုမ္ပဏီလီမိတက်

Nippon Koei ကုမ္ပဏီလီမိတက်သည် ဂျပန်နိုင်ငံ အင်ဂျင်နီယာအတိုင်ပင်ခံ ကုမ္ပဏီတစ်ခုဖြစ်သည်။ ဤကုမ္ပဏီ သည် စွမ်းအင်စီမံကိန်းများနှင့် စီမံကိန်းအခြေခံအဆောကအဦးလုပ်ငန်းတို့ကို အဓိကဖောက်ချလုပ်ကိုင်နေ သည်။ Nippon Koei သည် ၁၉၈၁ ခုနှစ်ကတည်ကပင် မြန်မာပြည်ရှိ အငြင်းပွားဖွယ်ရာ စီမံကိန်းများဖြစ်ကြသည့် တာဆန်း၊ ရဲရွာ၊ တနင်္သာရီ ရေကာတာ စီမံကိန်းများ နှင့် တခြားသော စီမံကိန်းများအတွက် စီမံကိန်းကြိုတင်လေ့လားမှုများကို ပြုလုပ်လာခဲ့သည်။

### ထူးထရေးဒင်းကုမ္ပဏီ(Htoo Trading Company)

ထူးထရေးဒင်းကုမ္ပဏီ (Htoo Trading Company)သည် မြန်မာနိုင်ငံသားပိုင် ထူးကုမ္ပဏီ (Htoo Group of Companies)၏ လက်အောက်ခံကုမ္ပဏီခွဲတစ်ခုဖြစ်သည်။ ကုမ္ပဏီ၏စီအီးအိုနှင့် မန်းနင်းဂျင်းဒါရိုက်တာမှာ ဦးတေဇဖြစ်သည်။ တေဇသည် ယခင်စစ်ခေါင်းဆောင် ဦးသန်းရွှေနှင့် အောက်လွှတ်တော်ဥက္ကဌ သူရရွှေမန်း တို့နှင့် နီးစပ်သူတစ်ယောက်ဖြစ်သည်။ ထူးထရေးဒင်းကုမ္ပဏီသည် နေပြည်တော်မြို့တည်ဆောက်ရေး လုပ်ငန်းတွင်လည်း ပါဝင်ပတ်သက်ခဲ့သည့်အပြင်၊ တခြားလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ သတ္တုတူးဖေါ်ရေး၊ ဟော်တယ်နှင့်ခရီးသွားလာရေးလုပ်ငန်း စသည်တို့ကိုလည်း လုပ်ဆောင်နေသည်။ သူရရွှေမန်း၏သား အောင်သက်မန်းမှာလည်း ထူးထရေးဒင်းကုမ္ပဏီ၏ ဒါရိုက်တာအဖြစ်လုပ်ကိုင်နေသည့်အပြင် ထူးကုမ္ပဏီ (HGC)တွင်လည်း ဒါရိုက်တာဘုတ်အဖွဲ့ဝင် တစ်ယောက်ဖြစ်နေပေသည်။

# လူမှုဘဝများပျက်စီးခြင်း

အထူးစီးပွားရေးဇုံကိုတည်ဆောက်ခြင်းသည် လက်ရှိဖေါက်လုပ်နေသော တရုတ်-မြန်မာ ရေနံ နှင့် ဓါတ်ငွေ့ ပိုက်လိုင်းများထက် အဆပေါင်းများစွာ ဆိုးကျိုးများကိုဖြစ်ပေါ်စေလိမ့်မည်။ ရောမစက်မှုဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ခြင်းသည် လယ်သမားများနှင့် တံငါသည်များ၏ လူမှုဘဝအတွက် အတားအဆီးတရပ်ဖြစ်လာပါမည်။ သို့သော်လည်း စီမံကိန်းအတွက် ထိုဒေသခံလယ်သမားများနှင့် တံငါသည်များကို ကြိုတင်အသိပေး၊ ဆွေးနွေးတိုင်ပင်မှုများမပြုလုပ်ခဲ့ကြပါ။

## လယ်ယာမြေသိမ်းပိုက်မှုနှင့်ရပ်ရွာများအားနေရာပြောင်းရွှေ့မှု

စီမံကိန်းမြေပုံအရ စီမံကိန်းမှာစတုရန်းကီလိုမီတာ(၁၂၀)ကျယ်ဝန်းမည်ဖြစ်သည်။ ထို့ကြောင်း ဒေသခံကျေးရွာ (၄၀) ကျော်ခန့်နှင့် ကျောက်ဖြူမြို့ရှိ လူနေရပ်ကွက်တစိပ်တဒေသတို့မှာ အတင်းအဓမ္မ ပြောင်းရွှေ့ခံရမည်ဖြစ်သည်။ စီမံကိန်းကြောင့် လယ်ယာမြေအမြောက်အများ ဆုံးရှုံးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူ ထောင်ပေါင်းများစွာတို့မှာ စီမံကိန်း၏တိုက်ရိုက်ဆိုးကျိုးများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ သို့သော်လည်း စီမံကိန်းတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူလူထု၊ ဒေသခံ အစိုးရအာဏာပိုင်တို့ကို ကြိုတင် သတင်းပေးခြင်း၊ ထိုသူတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်း စသည်တို့ကိုမပြုလုပ်ခဲ့ကြပါ။ ပိုက်လိုင်း စီမံကိန်းနှင့် ၎င်းနှင့်ဆက်စပ်နေသည့် စီမံကိန်း အခြေခံအဆောက်အဦးများ တည်ဆောက်ရန် အတွက်လည်း အဖိုးတန် လယ်ယာမြေဧက ထောင်ပေါင်းများစွာ သိမ်းပိုက်ခံလိုက်ရပြီဖြစ်သည်။ သိမ်းပိုက်ခံလယ်ယာမြေအများစုမှာ အတင်းအဓမ္မသိမ်းပိုက်ခံခဲ့ရခြင်းဖြစ်ပါသည်။



"ပထမတော့ ကျွန်တော့်လယ်မြေကို သိမ်းယူဖို့ဆိုပြီးသဘောတူညီချက်တစ်ခု လက်မှတ်လာထိုးခိုင်းလို့ ကျွန်တော်က မထိုးဘူးလို့ငြင်းလိုက်တယ်။ ဒါပေမဲ့ လက်မှတ်မထိုးလို့ရှိရင် ချက်ချင်းဖမ်းမယ်လို့ ရဲတွေက MOGE နဲ့ CNPCဝန်ထမ်းတွေရှေ့မှာတင် ကျွန်တော့်ကို ခြိမ်းခြောက်ကြတယ်။ ဒါကြောင့်ကျွန်တော် လည်းရွေးစရာလမ်းမရှိတာကြောင့် ကြောက် ကြောက် နဲ့ပဲ လက်မှတ်ထိုးပေးလိုက်ရတယ်။" ဟုမဒေးကျွန်းမှ လယ် သမားတစ်ယောက် ပြောကြားလေသည်။(ရခိုင့်ရေနံစောင့်ကြည့် ရေးအဖွဲ့ အင်တာဗျူး၊ မေလ၊ ၂၀၁၀)



"ဒေါ်ကြီးပိုင်တဲ့မြေအတွက် လျော်ကြေးထက်ဝက်ဖြစ်တဲ့ မြန်မာကျပ်ငွေ (၆၀၀,၀၀၀) ကိုပဲ ရသေးတယ်။ ကျန်တဲ့ထက်ဝက်ကို ဘယ်တော့ရမယ် ဆိုတာလဲမသိရဘူး။ ရတဲ့ငွေကလည်း ကုမ္ပဏီသိမ်းယူသွားတဲ့ မြေတန်ဖိုးရဲ့ သုံးပုံတစ်ပုံလောက်ပဲရှိတယ်။ ကျန်တဲ့လျော်ကြေးတွေကိုတော့ အကျင့်ပျက် အစိုးရဝန်ထမ်းတွေက ဒေါ်ကြီးမြေကို တခြားသူတွေနာမည်တပ်ပြီး ထုတ်ယူသွားကြတယ်" ဟု ရတနာ့ ရွာက လယ်မြေအသိမ်းခံရသော အသက်(၆၀)ခန့် မိန်းမကြီးတစ်ဦးပြောပြထားသည်။(ရခိုင့်ရေနံစောင့်ကြည့် ရေးအဖွဲ့ အင်တာဗျူး၊ မေလ၊ ၂၀၁၂)



"လျော်ကြေးငွေပေးတာတွေက လယ်မြေရဲ့ကာလတန်ဖိုးနဲ့ မကိုက်ညီဘူး။ သူတို့ပေးတဲ့ငွေတွေနဲ့ အခြားလယ်တစ်ကွက်ကိုလည်း ဝယ်လို့မရဘူး။ တစ်ယောက်မှ သူတို့ လယ်မြေတွေကို ဆုံးရှုံးမခံလိုကြပါဘူး။ သူတို့လုပ်နေတဲ့ပုံစံတွေက ငါတို့ရဲ့ဘဝကိုနစ်မြုပ်သတ် နေတာနဲ့ အတူတူဖြစ်နေတယ်။ တလျောက်လုံးကို ဒီလယ်မြေတွေနဲ့ပဲ ရုန်းကန်လာကြတာပါ။ အခု ဒီမြေတွေမရှိလို့ရှိရင် ရှေ့ဆက်ဘယ်လိုလုပ်ပြီး ရပ်တည်ရမယ်ဆိုတာတောင် မသိတော့ပါဘူး။ "ဟု ဒေသခံလယ် သမားတစ်ဦးကပြောပြသည်။ (ရခိုင့်ရေနံ စောင့်ကြည့်ရေး အဖွဲ့ အင်တာဗျူး၊ မေလ၊ ၂၀၁၂)

## ငါးဖမ်းဧရိယာများအပေါ် ဆိုးကျိုးသက်ရောက်မှု

စက်မှုဇုံအတွက် ကုန်တင်ဆိပ်ကမ်းများနှင့် ကမ်းရိုးတမ်းစက်မှုလုပ်ငန်းများ တည်ဆောက်နေခြင်းက ကမ်းရိုးတမ်းရေလမ်းဧရိယာ အနည်းဆုံး စတုရန်းကီလိုမီတာ ၇၀ ခန့်ကို တိုက်ရိုက် ဆိုးကျိုးသက်ရောက်မှုရှိလိမ့်မည်ဖြစ်သည်။ တန်ချိန်၃၀၀၀၀၀ထိရှိသော ကုန်တင်သင်္ဘောကြီးများ စဉ်ဆက်မပြတ်ဝင်ထွက်မောင်းနှင်မှုနှင့် ရေနက်ဆိပ်ကမ်းလမ်းကြောင်းထဲရှိ ရေနက်ငါးဖမ်းလုပ်ငန်းတို့ကြောင့် ဒေသတွင်းနဂိုရှိနေသော အသေးစားငါးဖမ်းလုပ်ငန်းများမှာ ပျက်သုန်းလာနိုင်ခြေရှိသည်။ သင်္ဘောများနှင့် စက်မှုလုပ်ငန်းများမှ အဆိပ်သင့်စွန့်ပစ်ပစ္စည်းများနှင့် ညစ်ညမ်းမှုများမှာလည်း ငါးမျိုးစိတ်များနှင့် ဒေသတွင်း သဘာဝဂေဟစနစ်တို့ကို အန္တရာယ်ပြုပေလိမ့်မည်။ ရွှေသဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်မှုနှင့် သန္တာကျောက်တန်းများကို မိုင်းခွဲပြီး တည်ဆောက်ခဲ့ရသော ရေအောက်ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်းတို့ကြောင့် ငါးမျိုးစိတ်များ တိမ်ကောသွားခဲ့ရပြီး ဒေသခံ တံငါသည်များ၏ ငါးဖမ်းလုပ်ငန်းများကိုလည်း ပိတ်ပင်တားမြစ်ခဲ့လေသည်။

"ရေနက်ဆိပ်ကမ်း စလို့တည်ဆောက်ကတည်းကပင် ယခင်ကလို လွတ်လွတ်လပ်လပ် ငါးဖမ်းခွင့်မရှိတော့ဘူး။ စီမံကိန်းမတိုင်ခင်က ငါးဖမ်းထွက်တိုင်း မြန်မာကျပ်ငွေ(၁)သိန်း၊(၂)သိန်းထိအောင်အမြတ်ရတယ်။ တခါတခါကျပ်ငွေ၅သိန်းထိတောင်ရတယ်။ အခုဆိုရင် ဆီဖိုးတောင်အနိုင်နိုင်ပဲရတော့တယ်။ ဒီတိုင်းဆိုရင် ဘယ်လိုမှ ရှေ့ဆက်ရပ်တည်လို့မရနိုင်တော့ဘူး"ဟု မဒေးကျွန်းမှ တံငါသည် တစ်ဦးပြောကြား သည်။ (ရခိုင့်ရေနံ စောင့်ကြည့်ရေးအဖွဲ့ အင်တာဗျူး၊ဇွန်လ၊၂၀၁၂)



## အလုပ်အကိုင်အခွင့်အရေးဘယ်သူတွေအတွက်လဲ

အထူးစက်မှုဇုံက ဒေသတွင်း အလုပ်အကိုင်သစ် (၁၀၀,၀၀၀)ကျော်ကို ဖန်တီးပေးမည်ဟု CITIC ၏ စီမံကိန်းကြိုတင်လေ့လာမှုတွင်ဖေါ်ပြထားသည်။ သို့သော်လည်း စက်မှုဇုံစက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှုနှင့် ကမ္ဘာအနှံ့ တရုတ်ကုမ္ပဏီများ၏ အလုပ်သမားငှားရမ်းခန့်ထားမှု ပုံစံများကိုကြည့်လျှင် စက်မှုဇုံအတွက် အလုပ်သမားအများစုမှာ ကျောက်ဖြူပြင်ပမှ သေသခံမဟုပ်သောသူများသာဖြစ်ပေလိမ့်မည်။ အလုပ်အကိုင်ဖန်းတီးပေးမှုနှင့်စပ်လျဉ်း၍ တရုတ်-မြန်မာ ရေနံနှင့် သဘာဝပိုက်လိုင်းတည်ဆောက်မှုက ဥပမာပြလိုက်ပြီဖြစ်သည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်း၌ တရုတ်၊အိန္ဒိယ နှင့်မြန်မာပြည် အလယ်ပိုင်းမှ အလုပ်သမားများကို အဆင့်မြင့်အလုပ်အကိုင်များ ပေးနေချိန်တွင် ဒေသခံများမှာ လုပ်ခလစာနည်းပါးသော သန့်ရှင်းရေးလုပ်ငန်းနှင့် လမ်းဖေါက်လုပ်ရေးလုပ်ငန်းကဲ့သို့သော ယာယီလုပ်ငန်းများတွင်သာ လုပ်ကိုင်နေကြရသည်။ ထို့ပြင် လယ်ယာမြေများပျက်စီး ဆုံးရှုံးမှုကြောင်း ဒေသခံရွာသားများမှာ အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်း အလုပ်သမားများအဖြစ် သွားရောက်ပြီးအလုပ်လုပ် ကိုင်နေကြရသည်။

"ကျွန်တော်တို့မှာ ဘာမှဆက်လုပ်စရာအလုပ်ဆိုလို့ မရှိတော့ဘူး။ ဒါတောင်သူတို့က ကျွန်တော်တို့အတွက် အလုပ်အကိုင်ရရှိရေးကိုဦးစားပေးလုပ်ပေးတာတွေမရှိဘူး။ ဒေသခံတွေထက် တခြားနေရာကလာတဲ့သူတွေကို ဦးစားပေးအလုပ်ခန့်တာတွေကို တွေ့နေရတယ်။ အလုပ်သမားတစ်ယောက်ရဲ့ တစ်နေ့တာလုပ်အားဆိုရင်လည်း မြန်မာကျပ်ငွေ ၁၅၀၀ကျပ် (အမေရိကန်ဒေါ်လာ ၁.၈)လောက်သာရှိတယ်။ ဒီငွေနဲ့ မိသားစုအတွက် ထမင်းတစ်နပ်တောင်ဝယ်စားလို့မရဘူး။ ကျွန်တော်တို့လယ်မြေတွေပေါ်မှာလာပြီး အဆောက်အဦးတွေ တည်ဆောက်နေတာကိုလက်ခံရ မယ်လို့ဆိုတာဟာ တော်တော့်ကိုခက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာ ဘ၀ရပ်တည်ရေးအတွက် သင့်တော်ကောင်းမွန်တဲ့အလုပ်ဆိုလို့ ဘာရယ်မှမရှိဘူး"ဟု ရေနံနှင့်ဓါတ်ငွေ့စီမံကိန်းကြောင့် လယ်ယာမြေ ဆုံးရှုံးခံလိုက်ရသော လယ်သမားတစ်ဦးပြောပြပါသည်။(ရခိုင့်ရေနံ စောင့်ကြည့် ရေးအဖွဲ့ အင်တာဗျူး၊ မေလ၊၂၀၁၂)

## ရေရှားပါးပြတ်လပ်မှုကို ပိုမိုဆိုးဝါးစေခြင်း

ကျောက်ဖြူမြို့နယ်က ဒေသခံပြည်သူများသည် နှစ်စဉ်နှစ်တိုင်း ခြောက်သွေ့ရာသီ ကုန်ခါနီးမှာ ရေပြတ်လပ်မှုဒါဏ်ကို ဆိုးဆိုးဝါးဝါး ရင်ဆိုင်နေကြရပါသည်။ အထူးသဖြင့် ဤကဲ့သို့ ရေရှားပါးပြတ်လပ်မှုဒါဏ်ကို မိသားစုတွင် ရေသယ်၊ရေခပ် အလုပ်ကိုလုပ်ကိုင်ရသည့် အမျိုးသမီးများက ခံကြရပါသည်။ ကျောက်ဖြူတွင် တည်ဆောက်ရန်စီစဉ်နေသည့် စက်မှုဇုံလုပ်ငန်းကဲ့သို့သော စက်မှုလုပ်ငန်းများသည် ရေဒလဟောအသုံးပြီး လုပ်ဆောင်ရသော လုပ်ငန်းများဖြစ်ပါသည်။ ကျောက်ဖြူအထူးစက်မှုဇုံသည် တစ်နေ့လျှင် ရေချိုပမာဏ ကုဗမီတာ (၃.၆)သန်းခန့် (သို့မဟုတ်) တစ်နှစ်လျှင် ကုဗမီတာ (၁၃၂၄) သန်းခန့်ကို အသုံးပြုလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ဤပြဿနာသည် ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများကို ဆိုးကျိုး သက်ရောက်စေမည့်အပြင် ဒေသခံပြည်သူတို့၏ နေ့တဓူ၀ လူမှုဘ၀ကိုလည်း ဆိုးဆိုး ဝါးဝါး ထိခိုက်စေမည်ဖြစ်သည်။

# အန္တရာယ်ဖြစ်စေသည့် ရေနံဓါတုစက်မှုလုပ်ငန်းနှင့် သတ္တုစက်မှုလုပ်ငန်းများ

ရေနံဓါတုထုတ်ကုန်များထုတ်လုပ်မှု၊ အီသလင်းထုတ်လုပ်မှု၊ ရေနံဓါတုနှင့်ဆက်စပ်နေသည့်ထုတ်ကုန်များ ထုတ်လုပ်မှု၊သံနှင့် သံမဏိ ထုတ်လုပ်မှု စသော ထုတ်လုပ်မှုဖြစ်စဉ်များကို CITIC Group ၏ စီမံကိန်း ကြိုတင်လေ့လာချက်တွင် အသေးစိတ်ဖော်ပြထားခြင်းမရှိပါ။ အဆိပ်သင့်စွန့်ပစ်ပစ္စည်း၊ ညစ်ညမ်းမှုနှင့် မတော်တဆ အန္တရာယ်ဖြစ်စေမှုစသော ခြိမ်းခြောက်မှုအန္တရယ် အများအပြားကို ကြိုတင်မြင်နေရသော်လည်း CITIC ကုမ္ပဏီကသော်လည်းကောင်း၊ မြန်မာအစိုးရကသော်လည်းကောင်း ဆိုးကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ကြိုတင်လေ့လာဆန်းစစ်မှုများ မပြုလုပ်ခဲ့ကြပါ။

**ရေနံ၊အီသလင်း၊ဓါတ်မြေ ဩဇာ ကဲ့သို့သော ရေနံဓါတုထုပ်ကုန်များ**

- ဆလဖာဒိုင်အောက်ဆိုက်၊နိုင်ထရိုဂျင်အောက်ဆိုက်၊ကာဗွန်မိုအောက်ဆိုက် အပါအဝင် မီးခိုးတိုင်များမှ ထုပ်လုပ်သော လေထုညစ်ညမ်းမှု
- အမိုးနီးယား၊ဆိုင်ယမ်နိုက်၊အဆိပ်သင့်သတ္တု၊မြေအောက်ရေ အဆိပ်သင့်မှု
- မီးလောင်ကျွမ်းမှု နှင့် အန္တရာယ်ရှိဓါတုပစ္စည်းများပေါက်ကွဲမှု
- ရေနံယိုဖိတ်မှု

**သံ နှင့် သံမဏိ**

- ဆလဖာဒိုင်အောက်ဆိုက်၊နိုင်ထရိုဂျင်အောက်ဆိုက်၊ကာဗွန်မိုအောက်ဆိုက် အပါ အဝင် မီးခိုးတိုင်များမှ ထုပ်လုပ်သော လေထုညစ်ညမ်းမှု
- အမိုးနီးယား၊ဆိုင်ယမ်နိုက်၊အဆိပ်သင့်သတ္တု၊ မြေအောက်ရေ အဆိပ်သင့်မှုများ အပါမဝင် ရေဆိုးရေညစ်များ
- မြေအောက်ရေကိုအဆိပ်သင့်စေမည့် သတ္တုရိုင်းအညစ်အကြေးနဲ့အမှုန့်များ




တရုတ်နိုင်ငံ Dalian Xinging ရေနံဆိပ်ကမ်း၌ရေနံပိုက်လိုင်းပေါက်ကွဲမှုကြောင့်တစ်ပတ်အတွင်းတွင်စတုရန်းကီလိုမီတာ(၄၃၀) အကွာအဝေးကိုထိ ရေနံများ ဖိတ်စင်ပျံ့နှံ့သွားခဲ့သည်။ အဆိုပါရေနံပိုက်လိုင်း ကို တရုတ်နိုင်ငံအမျိုးသားရေနံကော်ပိုရေးရှင်း (CNPC)က စီမံခန့်ခွဲလုပ်ကိုင်နေခြင်းဖြစ်သည်။ CNPC သည် ယခုသွယ်တန်းဖေါက်လုပ်နေသည့် ကျောက်ဖြူ -တရုတ် ရေနံနှင့် ဓါတ်ငွေ့ပိုက်လိုင်းများကိုလည်း စီမံခန့်ခွဲနေသော ကုမ္ပဏီဖြစ်သည်။ ပေါက်ကွဲမှုကြောင့် ပင်လယ်ထဲသို့ ရေနံစိမ်းပမာဏ တန်ချိန်(၁၅၀၀) ခန့်မှာ ပင်လယ်ထဲသို့ ဖိတ်စင်သွားသည်ဟု တရုတ်အစိုးရအရာရှိများက ပြော ကြားထားသည်။ သို့သော်လည်း ရေနံယိုဖိတ်မှုမှ ငါးများနှင့်ပင်လယ်ငှက်များအပေါ် မည်သို့မည်ပုံ ဆိုးကျိုးသက်ရောက်မည်ဆိုသည်ကို စူးစမ်းလေ့လာမှုများ မလုပ်ခဲ့ကြပါ။

# တခြားစက်မှုဇုံများကပေးသော သင်ခန်းစာများ

## မတ်ထဖတ်-ထိုင်းနိုင်ငံ



ကျောက်ဖြူ အထူးစီးပွားရေးဇုံသည် ထိုင်းနိုင်ငံတောင်ပိုင်း၊ ရယောင်ခရိုင်ရှိ ပြဿနာပေါင်းစုံနှင့်ကြုံတွေ့ခဲ့ရသော မတ်တာဖတ်(Map Ta Phut) စက်မှုဇုံ မြေပုံထက် (၅ဆခန့် ပိုကြီးသည်။ ၁၉၈၈-ခုနှစ်တွင် တည်ဆောက်ခဲ့သော မတ်တာဖတ် စက်မှုဇုံတွင် ရေနက်ဆိပ်ကမ်း တစ်ခုနှင့် ထိုင်းနိုင်ငံရှိအကြီးဆုံး ဖြစ်သော ရေနံဓါတု စက်မှုလုပ်ငန်းများပါဝင်သည်။ ၁၉၉၀ ခုနှစ် ကတည်းကပင် လူပေါင်း၂၀၀၀ ခန့် ကင်ဆာနှင့်ဆက်စပ်နေသည့် ရောဂါများကြောင့် အသက်ဆုံးရှုံးသွားခြင်း၊ရေရှားပါးပြတ်လတ်ခြင်း၊ရေထု၊လေထု ညစ်ညမ်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်း ကျင်အဖွဲ့အစည်းများနှင့် ဒေသခံ လူ့အဖွဲ့အစည်းများသည်အဆိုပါ စက်ရုံ များအား ပိတ်ပေးရန် တောင်းဆို တိုက်ပွဲဝင်လာကြလေသည်။

လွန်ခဲ့သောဆယ်စုနှစ်များတွင် မတ်တာဖတ် စက်မှု ဇုံ၌ မတော်တဆထိခိုက်မှုများ ရေတွက်မရနိုင် အောင်ဖြစ်ပွားခဲ့သည်။ ၂၀၁၂ ခုနှစ် မေလ တွင် နောက်ဆုံးဖြစ်ပွားခဲ့သော ထိခိုက်မှုတစ်ခု၌ဆိုလျှင် ပုံတူပစ္စည်း များထုပ်လုပ်သော ရေနံဓါတုစက်ရုံမှ မီးလောင်ကျွမ်းပေါက်ကွဲမှုကြောင့် လူ (၁၂) ဦးသေဆုံးခဲ့ပြီး (၁၂၉) ဦးဒါဏ်ရာရရှိခဲ့သည်။နောက်တနေ့တွင်လည်း အနီးအနားရှိစက်ရုံတစ်ခု၌ ဓါတုရည် ယိုဖိတ်မှုကြောင့် အလုပ်သမားပေါင်း (၁၃၈) ဦးကို ဆေးရုံးတင်လိုက်ရသည်။ ပြည်သူလူထု ဆန့်ကျင်မှုကြောင့် ထိုင်းနိုင်ငံတွင် ရေနံဓါတုစက်ရုံများကို အသစ်တဖန် နောက်ထပ်ချဲ့ ထွင်ရန်မဖြစ်နိုင်တော့ပါ။ ထိုအန္တရယ် ဖြစ်စေသော စက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံထားဝယ် အထူးစီးပွားရေးဇုံသို့ ပြောင်းရွှေ့တည်ဆောက်သွားမည်ဖြစ်သည်။ "တချို့စက်မှုလုပ်ငန်းတွေကို ထိုင်းနိုင်ငံမှာထားရှိဖို့ မသင့်တော်တာကြောင့် ....သူတို့က မြန်မာဘက် ကိုပြောင်းဖို့ဆုံးဖြတ်ခဲ့ကြတာပါ။"ဟု ထိုင်းဝန်ကြီးချုပ် ဟောင်း အဘီဆစ်ဝိတ်ဂျာဂျီဝ(Abhisit Vejjajiva)က ထားဝယ်စီမံ ကိန်းရင်းနှီးမြှုတ်နှံမှုကိုရည်ညွှန်းပြီး ပြောကြားခဲ့သည်။

## လမုတောများ ခြိမ်းခြောက်ခံနေရမှု

ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်တို့ရှိ ကမ်းရိုးတမ်းဒေသတို့တွင် ပေါက်ရောက်နေသော မြန်မာ့ဒုတိယ အကြီးမားဆုံး လမုတောကြီးသည် အထူးစက်မှုဇုံကြောင့် ကွယ်ပျောက်သွားပေလိမ့်မည်။ လမုတောကြီးများသည် အဏ္ဏဝါ ဇီဝမျိုးစိတ်များအတွက် အရေးပါသည့် နေရာတစ်ခုဖြစ်သည့်အပြင်၊ ဆိုင်ကလုန်း၊ ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရယ်တို့မှလည်း အကာကွယ်ပေးသည့် သဘာဝအတားဆီးကြီးတစ်ခုသဖွယ် တည်ရှိနေသည်။ ရေနံ၊ဓါတုနှင့်တခြားသော စက်မှုလုပ်ငန်းများမှ အဆိပ်သင့်စွန့်ပစ်ပစ္စည်းများ၏ အန္တရယ်တို့က ဤထိခိုက်ပျက်စီးလွယ်သော လမုတောဂေဟစနစ်အားအသစ်တဖန် အစားထိုးမရနိုင်အောင် ပျက်စီးသွားစေလိမ့်မည်။



## ထားဝယ်အထူးစီးပွားရေးဇုန်

မြန်မာ့စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်နိုင်ငံ၏စီးပွားရေးကြီးထွားလာမှုကို အတုယူအားကျကာ ကျောက်ဖြူ၊ သီလဝါနှင့် ထားဝယ်အထူးစီးပွားရေးဇုံများတည်ဆောက်ရန်အတွက် အစီအစဉ်များကို ယခုအစိုးရသစ်သို့ အုပ်ချုပ်ရေးအာဏာမလွှဲပြောင်းမီစပ်ကြားကာလတွင် အပြီးသတ်ဆောင်ရွက်ခဲ့သည်။ အစောဆုံးတည်ဆောက်နေပြီဖြစ်သော အထူးစီးပွားရေးဇုံမှာ မြန်မာပြည် အရှေ့တောင်ပိုင်းဒေသရှိ ထားဝယ်အထူးစီးပွားရေးဇုံဖြစ်သည်။ စတုရန်းကီလိုမီတာ(၂၅၀) ကျယ်ဝန်းသော ဤစီမံကိန်းကြောင့် ဒေသခံပြည်သူဦးရေ(၃၀၀၀၀)ခန့်မှာ မိမိတို့မြေပေါ်မှ အတင်းအဓမ္မပြောင်းရွှေ့ခံရမည် ဖြစ်သည်။ ထိုင်းနိုင်ငံသို့ ဆက်သွယ်ဖေါက်လုပ်မည့် ခြောက်လမ်းသွား အဝေးပြေးလမ်းမကြီး ဖေါက်လုပ်မှုအတွက်လည်း ပြည်သူများမှာ မိမိတို့ပိုင်ဆိုင်သော လယ်ယာ၊ဥယာဉ်၊ခြံမြေများ ကိုလက်လွှတ် ဆုံးရှုံးရမည် ဖြစ်သည်။

မိမိတို့မြေပေါ်မှ အတင်းအဓမ္မ နှင်ထုတ်ခံရမှု နှင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် စက်ရုံများတည်ဆောက်မည့်အစီအစဉ်များကို တုန့်ပြန်သည့်အနေဖြင့် ထိခိုက်နစ်နာသည့်ပြည်သူများသည် စီးပွားရေးဇုံကို ကန့်ကွက်ဆန္ဒပြမှုများ ကိုဆင်နွှဲခဲ့ကြပြီး၊ ဒေသနှင့်ဗဟိုအစိုးရ တို့ထံသို့လည်း ကန့်ကွက်စာများရေးပို့ကာ သူတို့၏မကျေနပ်မှုများကို ထုပ်ဖေါ်ခဲ့ကြလေသည်။ သို့သော်လည်း ဗဟိုအစိုးရနှင့် နိုင်ငံခြားရင်းနှီး မြှုတ်နှံသူများ၏ အကျိုးစီးပွားကို ခုခံဆန့်ကျင်ရန်အတွက် ဒေသအစိုးရတွင် လုပ်ပိုင်ခွင့်နိုင်ငံရေးအာဏာမရှိချေ။ ၂၀၁၁ ခုနှစ်၊ဇန်နဝါရီလတွင် သမ္မတဦးသိန်းစိန်သည် ပြည်သူလူထုကန့်ကွက်တောင်းဆိုမှုကြောင့် မီဂါဝပ် (၄၀၀၀)ထုပ်လုပ်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းမှ မီဂါဝပ် (၄၀၀)သာ ထုတ်လုပ်မည့် လျှပ်စစ်ဓါတ်အားပေးစက်ရုံစီမံကိန်းအဖြစ်သို့ တစ်ဆင့်လျှော့ပြောင်းလဲပေးခဲ့ရလေသည်။ ထိုမျှမက ရေနံချက်စက်ရုံတည်ဆောက်ခြင်းနှင့် လမ်း၊ ရေလှောင်ကန်များအတွက် လယ်ယာမြေသိမ်းပိုက်ခံရမှု တို့အတွက်လည်း ပြည်သူများမှာ ဆက်လက်ဆန့်ကျင် ကန့်ကွက်နေကြတုန်းပင်ဖြစ်သည်။

## တရုတ်နိုင်ငံရှိ Da Xie စက်မှုဇုံ



အနီးအနားရှိမြို့ပေါ်လမ်းမများပေါ်တွင် ထောင်ပေါင်းများစွာသောပြည်သူတို့က စက်ရုံနေရာပြောင်းရွှေ့ပေးရန် ဆန္ဒပြတောင်းဆိုမှု ဖြစ်ပွားခဲ့ပြီးနောက် တရုတ်အာဏာပိုင်များက Dalian ရှိ ရေနံဓါတုစက်ရုံကို ပိတ်ပစ်ရင် အမိန့်ချမှတ်ခဲ့ရသည်

တရုတ်နိုင်ငံတွင် စက်မှုဇုံများကြောင့်ဖြစ်ပေါ်စေသော ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှာ ပတ်ဝန်းကျင်ရှိ လူ့အဖွဲ့အစည်းများနှင့် သဘာဝပတ်ဝန်းကျင်ကို များစွာ အန္တရယ်ပြုနေသည်ဟု တရုတ်နိုင်ငံသဘာဝပတ်ဝန်းကျင်အဖွဲ့ချုပ်ကထုတ်ပြန်သော အစီရင်ခံစာတွင် ဖေါ်ပြထားသည်။ထိခိုက်ခံပြည်သူလူထုကလည်း စက်မှုဇုံ၏ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ကန့်ကွက်နေကြလေပြီ။ ၁၉၉၄- ခုနှစ်တွင် Da Xie အထူးစီးပွားရေးဇုံကို City Groupကုမ္ပဏီက စတင်အကောင် ထည်ဖေါ်တည်ဆောက်ခဲ့သည်။ ၎င်းစီးပွားရေးဇုံတွင် ကျောက်ဖြူအထူးစီးပွားရေးဇုံ၌ တည်ဆောက်ရန်စီစဉ်နေသော ရေနံဓါတုစက်မှုလုပ်ငန်းများနှင့် ဓါတုစက်မှုလုပ်ငန်းများကဲ့သို့ စက်မှု လုပ်ငန်းများပါဝင်နေသည်။ အငြင်ပွားဖွယ်ဖြစ်သော အဆိုပါ Da Xie စီမံကိန်းသည် အနီးအနားရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို များစွားဆုံးရှုံးစေခဲ့ပါသည်။ အဓိကပြဿနာတစ်ခုမှာ စက်မှုဇုံ အတွက် မူလအစစီစဉ်ထားသည်ထက် ရေပမာဏအများအပြားကိုသုံးစွဲခဲ့ ခြင်းဖြစ်ပြီး၊ ထိုအကျိုးဆက်ကြောင့်ပင်လျှင် ဒေသခံပြည်သူများ ရေရှားပါးပြတ်လပ်မှုနှင့်ရင်ဆိုင်ခဲ့ကြရသည်။၂၀၀၅-ခုနှစ်တွင် အနီးအနားရှိ ကျေးရွာများသည် ရေကြီးမှုအန္တရယ်နှင့်ရင်ဆိုင်လာရပြီး အထူးစီးပွားရေဇုံ အပြင်ဖက်တွင် ကန့်ကွက်ဆန္ဒပြပွဲတစ်ခု ပြုလုပ်ခဲ့ကြပြီး၊ အရည်အသွေးနိမ့်ကျသည့် ရေသွင်းရေနုတ်စနစ်ကို အသုံးပြုမှုအတွက်လည်း ကုမ္ပဏီများကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်ခဲ့ကြလေသည်။ နောက်တစ်နှစ်ခန့်အကြာတွင် အနီးအနားရှိလယ်ယာမြေများနှင့် ပြည်သူလူထုနေထိုင်ရာနေရာများသို့ ကလိုရင်းပမာဏ ကီလိုဂရမ်(၁၀၀)ကျော် ယိုဖိတ်မှု ဖြစ်ပွားခဲ့လေသည်။ ကလိုရင်းကြောင့် (၁)ကီလိုမီတာအဝေးအတွင်းရှိသော ကောက်ပဲသီးနှံများမှာလည်း ပျက်စီခဲ့ရလေသည်။ ထိုသို့ ယိုဖိတ်မှုဖြစ်ပွားပြီး ငါးရက်အတွင်းတွင် အနီးအနားရှိ ရွာသား(၆၇၈)ဦးမှာ ကလိုရင်းအဆိပ်သင့်မှုကြောင်း မူးဝေခြင်း၊ အော့အံခြင်း၊ အရေးပြားယားယံခြင်းစသော ဝေဒနာများကြောင့် ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုများခံခဲ့ရလေသည်။

Da Xie အထူးစီးပွားရေဇုံက အဆိုပါကလိုရိန်ယိုဖိတ်မှုသတင်းကိုထိန်ချန်ပြီး မည်သို့မှမဖြစ်သည့်ဟန်ဖြင့် ကလိုရင်းထုတ်လုပ်မှုကို နောက်သုံးရက်ခန့်တိုင်အောင်ထိ ဆက်လက်ထုပ်လုပ်နေခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆိုင်ရာ စုံစမ်းမှုအစီရင်ခံစာတစ်ခုကို ထုတ်ပြန်ခဲ့ရာ ထိုအစီရင်ခံစာ၌ စက်မှုဇုံမှ နောက်ထပ်ဖြစ်ပေါ်လာသည့် ရေနံနှင့်ဓါတု ယိုဖိတ်မှုအန္တရယ်တို့ကိုလည်း လျှော့ကျသွားအောင် ပြုလုပ်ဆောင်ရွက်မှု လုံးဝမရှိခဲ့ဟု ဖေါ်ပြထားသည်။

# စံချိန်စံညွှန်းကင်းမဲ့နေမှု

CITIC ကုမ္ပဏီက ၎င်းတို့ကုမ္ပဏီ၏ သဘာဝပတ်ဝန်းကျင်ဥပဒေများအပါအဝင် မြန်မာပြည်တွင်းဥပဒေများနှင့် စံချိန်စံညွှန်းများကို လိုက်နာကျင့်သုံးမည်ဟု စီမံကိန်းကြိုတင်လေ့လာမှုတွင် ဖော်ပြထားသည်။ သို့သော်လည်း မြန်မာ့ပါလီမန်က ၂၀၁၂-ခု မတ်လတွင် အတည်ပြုပြဋ္ဌာန်းလိုက်သော သဘာဝပတ်ဝန်းကျင်ဥပဒေတွင် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်သည့် အရေးပါသောပြဋ္ဌာန်းချက်များ ကင်းမဲ့နေသည်ကိုတွေ့ရပါသည်။ ဥပဒေတွင် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင် အကျိုးသက် ရောက်မှုဆိုင်ရာ သုံးသပ်လေ့လာမှု ကောက်ယူခြင်းအတွက် အသေးစိတ် စံချိန်၊စံညွှန်းများကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိချေ။ တဖန် ပြည်သူလူထုကို သတင်းထုတ်ပြန်ပေးမည့် နည်းစနစ်များ၊ ကျန်းမာရေး သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ အကျိုးသက်ရောက်မှု သုံးသပ်လေ့လာမှုကောက်ယူခြင်း၊ သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာ အထူးလေ့လာသုံးသပ်ချက်ကောက်ခံမှု (Strategic Environmental Assessment)(သို့မဟုပ်) စွန့်ပစ်ပစ္စည်း ရှင်းလင်းရေးစီမံဆောင်ရွက်မှု လုပ်ဆောင်ချက်များကိုလည်း ဥပဒေတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိချေ။ ထို့ပြင် မြန်မာနိုင်ငံ ဥပဒေတွင် အစိုးရနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းစာချုပ်စာတမ်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ပေးရမည့်ဟု ပြဋ္ဌာန်းထားခြင်းမရှိသကဲ့သို့၊ ၎င်းစီမံကိန်းများမှ ရရှိလာသော ဘဏ္ဍာဝင်ငွေများကိုလည်း တာယူခံမှု၊ တာဝန်ယူမှုတို့ဖြင့် ပွင့်လင်းမြင်သာစွာ စီမံခန့်ခွဲ လုပ်ဆောင်စေရန်တွက် ပြီးပြည့်စုံသော လုပ်ထုံးလုပ်နည်းများလည်းမရှိပါ။ ဤသို့ စံချိန်စံညွှန်းများကင်းမဲ့နေခြင်းကလည်း အကျင့်ပျက်ခြစားမှုကို များစွာဖြစ်ပေါ်စေပါသည်။

## ပြည်သူလူထုကိုအကာအကွယ်ပေးနိုင်မည့် အရေးပါသောပြဋ္ဌာန်းချက်များ

### လွတ်လပ်စွာကြိုတင်သိရှိနားလည်ထားသည့် သဘောတူညီမှု(FPIC)

မည်သည့်ဖွံ့ဖြိုးရေးစီမံကိန်းမဆို ၎င်းစီမံကိန်းမစတင်မီ စီမံကိန်းအစီအစဉ်များနှင့် ပြည်သူလူထုအပေါ်သက်ရောက်လာမည့် စီမံကိန်း အကျိုး ဆက်များ၏ သတင်းအချက်အလက် အပြည့်အစုံကို ပြည်သူလူထုအား အသိပေးထုတ်ပြန်ပေးရမည်။ ထိုသို့ ပြုလုပ်ပေးမှသာ စီမံကိန်းအပေါ် သဘောတူခွင့်ပြုချက်နှင့်စပ်လျဉ်း၍ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုမရှိဘဲ ပြည်သူလူထုအနေဖြင့် လေ့လာသုံးသပ်၊ဆွေးနွေးနိုင်မည်ဖြစ်ပြီး၊ စီမံကိန်းအတွက်လိုအပ်သည့်ပြောင်းလဲမှုများ သို့မဟုတ် ကန့်သတ်ချက်များကိုလည်း တောင်းဆိုနိုင်မည်ဖြစ်သည်။ FPICကို ကမ္ဘာ့ကုလသမဂ္ဂဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးကြေငြာစာတမ်း (UNDRIP) နှင့် နိုင်ငံတကာငွေကြေးကော်ပိုရေးရှင်း(IFC) တို့အရ အတည်ပြုချမှတ် ထားခြင်းဖြစ်သည်။

### သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာအထူးလေ့လာသုံးသပ်ချက်ကောက်ခံမှု (Strat egic Environment Assessment)

ဤပြဋ္ဌာန်းချက်သည် စီးပွားရေး၊လူမှုရေး ကိစ္စရပ်များပါဝင်သည့် အလုံးစုံလွှမ်းခြုံနိုင်မည့် သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာ အထူးလေ့လာသုံးသပ်ချက်ကောက်ခံမှု တစ်ရပ်ဖြစ်သည်။ ဤလေ့လာသုံးသပ်ချက် ကောင်ခံမှုစနစ်တွင် အကောင်ထည်ဖော်လာမည့် စီမံကိန်းကို နိုင်ငံ့အမျိုးသားမူဝါဒရေးရာများနှင့် ဆက်စပ်ထားပြီး၊ စီမံကိန်းအတွက် အစားထိုးနိုင်မည့်အရာများကို လေ့လာမှုများပြုလုပ်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲခြင်းတို့ကို အရေးတယူဆောင်ရွက်လုပ်ဆောင်ခြင်းတို့လည်းပါဝင်သည်။

### သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်လူ့အခွင့်ရေးဆိုင်ရာ လေ့လာသုံးသပ်ချက်ကောက်ခံမှု(EIA,SIA,HIA ,and HRIA)

ဤလုပ်ဆောင်မှုများမှာ တည်ဆောက်လာမည့် စီမံကိန်းတစ်ခုကြောင့်ဖြစ်ပေါ်လာမည့် အမျိုးမျိုးသော အကျိုးသက်ရောက်မှုများအပေါ် ခွဲခြမ်းစိတ်ဖြာထားကာ ကဏ္ဍအလိုက် ကောက်ခံထားသော လေ့လာသုံးသတ်ချက် ကောက်ခံမှုများဖြစ်သည်။ စီမံကိန်းများတည်ဆောက်ရန် အတည်ပြု သဘောတူညီမှုများမပြုလုပ်မီ အထက်ပါ လေ့လာသုံးသတ်ချက်များကို ကောက်ခံပြီး ပြည်သူလူထုထံသို့ အသိပေးထုတ်ပြန်ပေးရမည်။ ထိုသို့အသိပေးထုတ်ပြန်ပေးမှသာ သက်ရောက်လာမည့် ဆိုးကျိုးများကို ကာကွယ်ခြင်း သို့မဟုတ် လျော့ကျသွားအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်မည် ဖြစ်သည်။

# အကြံပြုတိုက်တွန်းချက်များ

မြန်မာနိုင်ငံထဲသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းဖြင့် ဝင်ရောက်လာနေသည့်အတွက် မြန်မာပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကိုအထောက်ကူပြုစေမည့် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးတိုးတက်မှုမျိုးကိုအထူးဦးစားပေးလုပ်ဆောင်ရမည်။ ကျောက်ဖြူ အထူးစီးပွားရေးဇုံကဲ့သို့သော စီမံကိန်းများသည် ဒေသခံပြည်သူလူထု၏ လူမှုဘဝ နှင့် သဘာဝပတ်ဝန်းကျင်တို့အတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။ မြန်မာပြည်တွင် ဤစီမံကိန်းများကဲ့သို့ အလားတူ အန္တရယ်ဖြစ်စေသည့် စီမံကိန်းအများအပြားရှိခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အောက်ဖော်ပြပါ အကြံပြုတိုက်တွန်းချက်များအတိုင်း လိုက်နာဆောင်ရွက်မှု မပြုလုပ်နိုင်သရွေ့ စီမံကိန်းကို ရပ်တန့်ထားရမည်ဟု ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့က တစ်ထစ်ချ ယုံကြည်ထားပါသည်။

- CITIC ကုမ္ပဏီနှင့် မြန်မာအစိုးရတို့သည် စီမံကိန်းနှင့်ဆိုင်သည့်အသေးစိတ်အချက်လက်များကို ပြည်သူလူထုအား အသိပေးထုတ်ပြန်ပေးရမည်။ အထူးသဖြင့် ထိခိုက်ခံလူ့အဖွဲ့အစည်းများ ၊ သက်ဆိုင်သည့် နိုင်ငံရေးပါတီများ နှင့် အရပ်ဖက်အဖွဲ့အစည်းများအား အဆိုပါစီမံကိန်းအချက်အလက်များကို ထုတ်ပြန်ပေးရမည်ဖြစ်သည်။
- စီမံကိန်းမစတင်မီ ထိခိုက်ခံ လူအဖွဲ့အစည်းများထံမှ လွတ်လပ်စွာကြိုတင်သိရှိ နားလည်ထားသည့် သဘောတူညီမှုကို (FPIC )ကို တောင်းခံရမည်။
- သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆိုင်ရာအထူးလေ့လာသုံးသပ်ချက် (SEA)၊ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျမ္မာရေးဆိုင်ရာ အကျိုးသက်ရောက်မှု လေ့လာသုံးသပ်ချက်များကို စီမံကိန်းမစတင်မီ ကောက်ခံပြီး ပြည်သူလူထုထံသို့ အသိပေးထုတ်ပြန်ပေးရမည်။
- ဒေသတွင်းထိခိုက်ခံ ပြည်သူများအနေဖြင့် မိမိတို့၏ အိုးအိမ်၊လယ်ယာမြေများကို သတ်မှတ်ထားသည့် လျော်ကြေးငွေအပေါ် စွန့်လွှတ်၊မစွန့်လွှတ်ဆိုသည်တို့ကို အတင်းအကျပ်ကိုင်တွယ်မှု(သို့မဟုတ်) ခြိမ်းခြောက်မှုများ မရှိစေရဘဲ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိစေရမည်။
- သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် လူမှုဘဝကာကွာစောင့်ရှောက်မှုများ ပြုလုပ်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းအတိုင်းလိုက်နာဆောင်ရွက်ရမည်။
- အလုပ်အကိုင်ဖန်းတီးပေးရေနှင့်စပ်လျဉ်း၍ ဒေသခံ အလုပ်သမား အသုံးပြုမှုကို မည်သို့မည်ပုံ ဦးစားပေးဆောင်ရွက်မည်၊ ထိုလုပ်သားများအား မည်သို့မည်ပုံ လေ့ကျင့်သင်ကြားပေးမည်ဆိုသည်တို့ကို တိတိကျကျ ဖော်ပြထားသောအစီအစဉ်တရပ်ထားရှိရမည်။
- ဘဏ္ဍာဝင်ငွေများကိုလည်း ပွင့်လင်းမြင်သာစွာကိုင်တွယ်ပြီး၊ ပြည်သူလူထုထံသို့ အသိပေးထုတ်ပြန်ပေးရမည်။

